**ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး**

**ဗဟိုဌာနချုပ်**

**ကော်သူးလေ**

**ww.knuhq.org**

## သတင်းထုတ်ပြန်ချက် ၄/၂၀၂၃

**၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂) ရက်နေ့**

၁။ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာ(၃၀)ရက်နေ့တွင် ကေအဲန်ယူ - ကရင်အမျိုးသားအစည်းအရုံး ဥက္ကဋ္ဌ ဟောင်း ဗိုလ်ချုပ်ကြီး စောမူတူးစေးဖိုး နှင့် အတူ KNU - CEC ဟောင်း ပဒိုစောရောဂျာခင်၊ ဒူးပလာယာခရိုင် ဥက္ကဋ္ဌ တာဝန်မှ အနားယူထားသည့် ပဒိုစောရွှေမောင်း တို့သည် အာဏာသိမ်း စစ်အာဏာသိမ်းခေါင်းဆောင် နှင့် နေပြည်တော်၌ တွေ့ဆုံခဲ့ ကြကြောင်း သတင်းစာမျက်နှာများတွင် တွေ့ရှိရပါသည်။

၂။ အဆိုပါ တွေ့ဆုံမှုသည် ကေအဲန်ယူ နှင့် ပတ်သက်ခြင်း လုံးဝ (လုံးဝ) မရှိပါ။

၃။ (၁၇)ကြိမ်မြောက် ကေအဲန်ယူကွန်ကရက် အပြီး၊ ၂၀၂၃ ခုနှစ် ဩဂုတ်လ (၁၀) ရက်နေ့တွင် ကျင်းပပြုလုပ်ခဲ့သည့် **First 100 Days: KNU IN NEW ERA** သတင်းစာရှင်းလင်းပွဲတွင်လည်း အာဏာသိမ်းစစ်တပ်သည် နိုင်ငံရေးအရ တရားဝင်သည့် စစ်တပ် မဟုတ် သည့်အတွက် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် လုံးဝမရှိကြောင်း အတိအလင်း အသိပေးထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

၄။ ယခုတွေ့ဆုံမှုသည် အာဏာသိမ်းစစ်ကောင်စီမှ ကေအဲန်ယူ အတွင်း ရှုပ်ထွေးမှုဖြစ်အောင်ပြုလုပ်သည့် လုပ်ရပ် ဖြစ်သကဲ့သို့ အာဏာရှင်စနစ်ချုပ်ငြိမ်းရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုထူထောင်ရေးအတွက် တိုက်ပွဲဝင်နေသည့် မဟာမိတ်အင်အားစုများအကြား နားလည်မှုလွဲမှားစေရေးအတွက် လုပ်ဆောင်သော စစ်တပ် ၏ အစီအစဉ်သာ ဖြစ်ပါသည်။

၅။ ကေအဲန်ယူ သည် မိမိနိုင်ငံရေးရည်မှန်းချက်အောင်မြင်ရေးအတွက် ဘဝတူ တော်လှန်ရေးအင်အားစုများနှင့် အတူ မားမားမတ်မတ်ရပ်တည်လျက် တစိုက်မတ်မတ် တိုက်ပွဲဝင်သွားမည်ဖြစ်ကြောင်း သတင်းထုတ်ပြန် အပ်ပါသည်။

ဗဟိုအအလုပ်အမှုဆောင်ကော်မတီ

ကေအဲန်ယူ-ကရင်အမျိုးသားအစည်းအရုံး

ဗဟိုဌာနချုပ်

ဆက်သွယ်ရန်-

- စောနယ်ဒုဒါး ( +66 94 538 6865)
- နော်ဘွေပစောသော (+66 963963351)

E-mail: knu.comm@protonmail.com